## မြင်းကောင်ရေ(၂၀)အောက်စက်တပ်ရေယာဉ်ငယ်များအားမှတ်ပုံတင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

**၁။ လျှောက်ထားသူကာယကံရှင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ**

(က) မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်ငယ်များ မှတ်ပုံတင်နိုင်ရန်အတွက် သက်ဆိုင်ရာ ရေယာဉ်ပိုင်ရှင်မှ လျှောက်လွှာပုံစံ (စရင/၁၊စက်ရေယာဉ်ငယ်/၁) နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

( ၁) ရေယာဉ်အမည်

( ၂) ရေယာဉ်မှတ်ပုံတင်နံပါတ်

( ၃) ရေယာဉ်အမျိုးအစား

( ၄) ရေယာဉ်၏အများဆုံး-အလျား(   )ပေ၊ အနံ(   )ပေ၊ ဇောက်(   )ပေ

( ၅) စက်အမျိုးအစား/အမည်/မြင်းကောင်ရေ

( ၆) စက်နံပါတ်(ခဲခြစ်တင်ပြရန်)

( ၇) တင်နိုင်သောကုန်အလေးချိန်

( ၈) လိုက်ပါမည့်ဦးရေ

( ၉) ပိုင်ရှင်အမည်/အမျိုးသားမှတ်ပုံတင်အမှတ်

(၁၀) ပိုင်ရှင်နေရပ်လိပ်စာ

(၁၁) ပိုင်ရှင်အမှန်ဖြစ်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စုထောက်ခံစာ

(၁၂) ရေယာဉ်အုပ်အမည်/အမျိုးသားမှတ်ပုံတင်လက်မှတ်

(၁၃) ရေယာဉ်အုပ်ကျွမ်းကျင်လက်မှတ်/ပါမစ်အမှတ်/နေ့စွဲ

(၁၄) ရေယာဉ်126

**၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်အချက်များ**

(က) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

( ၁) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ရေယာဉ်ပိုင်ရှင်မှ လျှောက်ထားလာသည့် (စရင/၁)လျှောက်လွှာပုံစံတွင် ပါရှိရမည့်အကြောင်းအရာ၊ အချက် အလက်များ မှန်ကန်မှုရှိ/ မရှိစိစစ်ရပါမည်။

( ၂) လျှောက်လွှာတွင်ပါဝင်ရမည့်အချက်များပြည့်စုံပါက မှတ်ပုံတင်လျှောက်ထားသည့် ရေယာဉ်ငယ်အား စစ်ဆေးမည့်နေရာနှင့်နေ့ရက်၊ အချိန်တို့ကို သတ်မှတ်ပေးပြီး စစ်ဆေးရေးအဖွဲ့၊ အဖွဲ့ဝင်များကို ဖိတ်ကြားရမည်ဖြစ်ပါသည်။

**၃။ မြို့နယ်စစ်ဆေးရေးအဖွဲ့မှ မြင်းကောင်ရေ (၂၀)အောက် စက်တပ်ရေယာဉ်ငယ်များ အား ကွင်းဆင်းစစ်ဆေးခြင်း**

(က) မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်ငယ်များအား (စရင/၂)ပုံစံဖြင့် အောက်ပါအတိုင်းစစ်ဆေးရမည်ဖြစ်ပါသည်-

(၁) **ကျွင်းကျင်မှုလက်မှတ်**

စက်တပ်ရေယာဉ်ငယ်အား တာဝန်ယူမောင်းနှင်ထိန်းသိမ်းမည့်သူတွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထား သော ရေယာဉ်အုပ် လက်မှတ် (သို့မဟုတ်) မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ယာယီမောင်းနှင်ခွင့် ထုတ်ပေးသော ပါမစ် လက်မှတ်ရှိရမည်။

(၂) **ကိုယ်ထည်**

စက်တပ်ရေယာဉ်ငယ်၏ကိုယ်ထည်အတိုင်းအတာများကို စစ်ဆေး တိုင်းတာပြီး၊ စစ်ဆေးမှု မှတ်တမ်းပုံစံတွင်ဖြည့်စွက်ရမည်၊ စက်တပ်ရေ ယာဉ်ငယ်၏ ကိုယ်ထည်သည် သွားလာမည့် လမ်းခရီးနှင့် လုပ်ငန်း အတွက် တောင့်တင်းခိုင်မာမှု၊ တည်ငြိမ်မှုနှင့် ရေလုံမှုတို့ရှိ/ မရှိ စစ်ဆေး ရမည်။

(၃) **စက်အစိတ်အပိုင်း**

စက်တပ်ရေယာဉ်ငယ်တွင် တပ်ဆင်ထားသောစက်သည် သက်မှတ် ထားသော စက်မြင်းကောင်ရေ(၂၀)ထက် မပိုစေရန်နှင့် ၎င်းစက်သည် အလွယ်တကူ စိတ်ချစွာ မောင်းနှင်သော လောင်စာဆီနှင့် ထားသိုမှုသည် မီးလောင်ပေါက်ကွဲ၍ ရေယာဉ်နှင့် လိုက်ပါလာသူများအား အန္တရာယ်မရှိ စေရန်စီမံပြုလုပ်ထားရမည်။

(၄) **အရန်ပစ္စည်းများ**

စက်တပ်ယာဉ်ငယ်အား ထိန်းသိမ်းရန်အတွက် တက်မ၊ တက်မချည်၊ တက်မချည်ကြိုး၊ တက်မဘီး စသည်တို့သည် တောင့်တင်းခိုင်မာ၍ အလွယ်တကူထိန်းသိမ်း ကိုင်တွယ်နိုင်သော အခြေအနေတွင်ရှိရမည်။ ထို့အပြင် ရေယာဉ်ပေါ်တွင် အရေးပေါ်သုံးစွဲနိုင်ရန်အတွက် လိုအပ်သော ပစ္စည်းများကိုလည်း ထားရှိရပါမည်။

**၄။ မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်ငယ်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း**

(က) မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်ငယ်မှတ်ပုံတင်လက်မှတ် (စရင/၃) ပုံစံအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ပါ အတိုင်းထုတ်ပေးပါသည်-

(၁) မြို့နယ်စစ်ဆေးရေးအဖွဲ့သည် အထက်ပါ အချက်အလက်များအားစစ်ဆေး ပြီး ပြည့်စုံပါက မြင်းကောင်ရေ(၂၀)အောက် စက်တပ် ရေယာဉ်ငယ်များ

မှတ်ပုံတင်ခြင်းအတွက် သတ်မှတ်ထားသော နှုန်းအတိုင်း စစ်ဆေးမှတ်ပုံတင်ခကို တွက်ချက်ကောက်ခံပြီး ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနသို့ ချလံ (သို့မဟုတ်) ငွေလွှဲ လက်မှတ်ဖြင့် ပေးသွင်းခြင်း၊

(၂) သတ်မှတ်ထားသော သူတစ်ပါးထိခိုက်မှု အာမခံမရီမီယံကြေးကို မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးပါက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ (စရင/၃) ပုံစံဖြင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးပါသည်။

## ၅။ မြင်းကောင်ရေ(၂၀)အောက်စက်တပ်ရေယာဉ်များ ကြီးကြပ်ခြင်း

(က) မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်များအား အောက်ပါအတိုင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်-

(၁) မြို့နယ်စစ်ဆေးရေးအဖွဲ့

(ကက) မြို့နယ်စစ်ဆေးရေးအဖွဲ့သည်မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်များ ပြေးဆွဲရာတွင် စနစ်တကျ ရှိစေရေး သတ်မှတ်ထားသော စည်းကမ်းများအား လိုက်နာမှုရှိရေးအတွက် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိပါသည်။

(ခခ) မြို့နယ်စစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသည့်စည်းကမ်းနှင့်မညီညွတ်သည့် ရေယာဉ်များအား စည်းကမ်းနှင့်အညီဖြစ်စေရေးအတွက် ပြန်လည်ပြင်ဆင်ရန် ရေယာဉ်ပိုင်ရှင်အား သတိပေးအကြောင်းကြားပါသည်။

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ကက) ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှလည်း ရေယာဉ်များ လိုက်နာရမည့်လူ၊ ပုဂ္ဂိုလ်ဆိုင်ရာ စည်းကမ်းချက်များ၊ ရေယာဉ်ပိုင်ရှင်ဆိုင်ရာစည်းကမ်းချက်များအား ဖြန့်ဝေအကြောင်းကြားခြင်း၊ မလိုလားအပ်သောမတော်တဆ

ထိခိုက်နစ်မြုပ်မှု ဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် ဒေသန္တရ စည်းကမ်းများအားထုတ်ပြန်ဆောင်ရွက်ပါသည်။

(ခခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်ထားသည့် ဒေသန္တရစည်းကမ်းများအား သက်ဆိုင်ရာ ရေယာဉ်ပိုင်ရှင်များ လိုက်နာဆောင်ရွက်စေရန် မြို့နယ်/ ကျေးရွာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

(၃) အရေးယူဆောင်ရွက်ခြင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နှင့် မြို့နယ်ရေယာဉ်စစ်ဆေးရေးအဖွဲ့မှ သတ်မှတ်ထားသည့်စည်းကမ်း၊ ထုတ်ပြန်ထားသည့် ဒေသန္တရစည်းကမ်းများအား လိုက်နာခြင်းမရှိပါက ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ရေကြောင်းဥပဒေနှင့် အညီ အရေးယူဆောင်ရွက်ပါသည်။